ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ EIA-၁/၆/ EMP(Issue) ( ၂၅၁၈ /၂၀၂၄)

ရက်စွဲ ၊၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်

သို့

ညွှန်ကြားရေးမှူး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီး

အကြောင်းအရာ။ **U & G (Myanmar) Fashion Co., Ltd မှ ၂၀၂၀ ပြည့်နှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်မှ ပြန်ကြားထားသည့် သဘောထားမှတ်ချက် အကြောင်းကြားစာ ရယူလိုခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ U & G (Myanmar) Fashion Co.,Ltd ၏ ၃၁.၅.၂၀၂၄ ရက်စွဲပါ တင်ပြစာ

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ဝါးတစ်ရာစက်မှုဇုန်၊ ဝန်ဆောင်မှုလမ်း၊ အမှတ် (၁၄၀) ရှိ U & G (Myanmar) Fashion Co., Ltd သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်မှ ၂၈.၂.၂၀၂၀ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ - ၁/၄-က (၅၂၉/၂၀၂၀) ဖြင့် ပေးပို့ခဲ့သည့်စာအား ယခင်မန်နေဂျာထံမှ မသိရှိခဲ့ရ၍ ယခုအခါ ထိုစာပါ အကြောင်းကြားစာအား သက်ဆိုင်ရာရုံးသို့ တင်ပြရမည်ဖြစ်ပါသောကြောင့် ပြန်ကြားခဲ့သော သဘောထားမှတ်ချက် ပြန်ကြားစာအား ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ရည်ညွှန်းပါစာဖြင့် ဦးစီးရုံးချုပ်သို့ တိုက်ရိုက်တင်ပြလာပါသည်။

၂။ U & G (Myanmar) Fashion Co., Ltd ၏ CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် သဘောထားမှတ်ချက်အားပြင်ဆင်၍ ပြန်လည်တင်ပြမည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအပိုဒ် ၇၆ ပါပြဋ္ဌာန်းချက်အရ လုပ်ငန်းရှင်ကိုယ်တိုင်မှလည်းကောင်း၊ တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှလည်းကောင်းရေးသားနိုင်ကြောင်း၊ တတိယအဖွဲ့အစည်းဖြင့်ရေးသားမည်ဆိုပါက ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၅၀ ပါ ပြဋ္ဌာန်းချက်အရ လေ့လာဆန်းစစ်ရေးအဖွဲ့တွင် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် အနည်းဆုံး နှစ်ဦးဖြင့် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

Scanned with CamScanner

၃။ သို့ဖြစ်ပါ၍ U & G (Myanmar) Fashion Co., Ltd ၏ CMP စနစ်ဖြင့် အဝတ်အထည် ချုပ်လုပ်ခြင်းလုပ်ငန်းအနေဖြင့် ပြန်ကြားခဲ့သည့် သဘောထားမှတ်ချက်များကို လုပ်ငန်းရှင်ကိုယ်တိုင် သို့မဟုတ် လိုင်စင်ရရှိထားသောအကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် အနည်းဆုံး နှစ်ဦးဖြင့် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း လုပ်ငန်းရှင်သို့ပြန်ကြားရန် အကြောင်းကြားပါသည်။

ပူးတွဲ - ၂၈.၂.၂၀၂၀ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ - ၁/၄-က (၅၂၉/၂၀၂၀) ပြန်ကြားစာနှင့် သဘောထားမှတ်ချက် ၁၇ ရွက်

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ဒေါက်တာဆန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ရုံးလက်ခံ၊ မျှောစာတွဲ

Scanned with CamScanner